## ကောင်းသတင်းတဲ့

ဆရာဝန် ။ ခင်ဗျား ပထမဆုံး ကောင်းသတင်းကို ကြားချင်သလား။ ဆိုးသတင်းကို ကြားချင်သလား။

လူနာ ။ ကျွန်တော် ကောင်းတဲ့သတင်းပဲ ကြားချင်ပါတယ်။

ဆရာဝန် ။ ခင်ဗျား သုံးပတ်လောက်ပဲ အသက်ရှင်နေရတော့မယ်။


လူနာ ။ ဒါကောင်းသတင်းဆိုရင် ဆိုးတဲ့သတင်းကကော။

ဆရာဝန် ။ အမှန်တကယ်က ခင်ဗျား နှစ်ပတ်ပဲ နေရမှာပါ။

□

## မထားခဲ့ပါဘူး

တစ်ခါက လေယာဉ်စီးရန် အလွန်ကြောက်သော အမျိုးသမီးကြီးတစ်ယောက်သည် လေယာဉ်ဖြင့် စီးနင်းလိုက်ပါလာခဲ့လေသည်။ လမ်းခရီးတွင် အမျိုးသမီးကြီးက လေယာဉ်မောင်းသမားအား –



အမျိုးသမီးကြီး ။ (စိုးရိမ်ကြီးစွာဖြင့်) လေယာဉ်မှူးကြီးရယ် ‥ ကျွန်မတို့ကို ချောချောမောမောနဲ့ ပို့ဆောင်ပေးမှာ သေချာပါတယ်နော်။

လေယာဉ်မောင်းသမား ။ မပူပါနဲ့ခင်ဗျာ။ ကျွန်တော် ဘယ်ခရီးသည်ကိုမှ ကောင်းကင်ပေါ်မှာ မထားခဲ့ပါဘူး။

□

## မှန်လိုက်လေ

မေး ။ ကြီးမားတဲ့ ထီးကြီးတစ်ချောင်းအောက်မှာ မိန်းကလေး ၁၀ ယောက်ဟာ မိုးမစိုဘဲရှိနေတာ ဘာကြောင့်လဲ။

ဖြေ ။ မိုးမရွာလို့ပါ။

□

## အမေက မေ့သွားလို့ပါ

ဆရာက သူ့တပည့်ကျောင်းသားအား လက်ကိုင်ပုဝါတွင် အလုံးကလေးထုံးထားသည်ကို မြင်ရာ–

ဆရာ ။ မင်းရဲ့လက်ကိုင်ပုဝါမှာ ဘာလို့ အထုံးကလေးထုံးထားတာလဲ။